ဦးမိုးကျော် (Managing Partner, Win Tin & Associates)
ဒေါ်တင်နွယ်ဦး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)
ဒေါက်တာစိုးထွန်း (ဥက္ကဋ္ဌ၊ မြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း)
"မျှတတယ်ဆိုတာဘာလဲ၊ ဘယ်ရှုထောင့်ကနေ ကြည့်မှာလဲ၊ အဲတော့ ကျွန်တော့်အနေနဲ့တော့ လက်ရှိမြန်မာနိုင်ငံမှာလုပ်တဲ့ အခွန်စနစ် မျှတရဲ့လားဆိုတာ အပိုင်း ၂ ပိုင်းပေါ့နော်။ တစ်ခုက အခွန်ဥပဒေ၊ အခွန်ဥပဒေကမျှတရဲ့လား။ နောက်တစ်ပိုင်း က ဒီဥပဒေကို enforcement လုပ်တဲ့နေရာမှာကော မျှတမှုရှိရဲ့လားဆိုတာဘဲ။ နိုင်ငံတကာမှာတော့ အခွန်စနစ်ကို မျှတမှု ဖို့လို့ပြောတဲ့နေရာမှာ အခွန်စနစ်က ပြည်သူပြည်သားတွေအတွက်လွယ်ကူရှင်းလင်းရမယ်။ အားလုံးကလဲ လိုက်နာနိုင်တာ မျိုးဖြစ်ရမယ်ဆိုတာပါ ပါတယ်။ အဲ့တော့ ကျွန်တော်တို့ လက်ရှိမြန်မာပြည်မှာရှိနေတဲ့ အခွန်စနစ်က ပြီးပြည်စုံတဲ့ အခွန်စနစ် တော့မဟုတ်သေးပါဘူး။ ဒါကြောင့် ဥပဒေပိုင်းမှာ အားနည်းချက်ရှိသလို စနစ်ပိုင်းမှာလဲ အားနည်းချက်ရှိနေပါတယ်" ဦးမိုးကျော်

"မြန်မာပြည်မှာ အခွန်ပေါ်လစီမရှိဘူး။ အဲတော့ ပေါ်လစီမရှိတော့ စနစ်မကျဘူးဖြစ်နေတာပေ့ါ။ စနစ်မကျတဲ့အပြင် ပွင့်လင်း မြင်သာမှုလဲ မရှိဘူး။ ပြီးတော့ ကျွန်မတို့တိုင်းပြည်မှာ သန်းခေါင်းစာရင်းကောက်ခဲ့ပြီးပြီ။ သန်းခေါင်စာရင်းကောက်ကတည်း က ကိုယ့်မြို့နယ်မှာ ဘယ်သူက ဘာစီးပွားရေးလုပ်တယ်ဆိုတာ အခွန်မှူးက သိရမယ်။ အဲတော့ သူ့မြို့နယ်မှာ ဘယ်လုပ် ငန်းက ဘယ်လောက်ရမယ်ဆိုတာ သူကခန့်မှန်းပြီးသားဖြစ်ရမယ်။ အဲလို အစကတည်းက စနစ်တကျမလုပ်ခဲ့တော့ ဘယ် လိုဘဲလုပ်လုပ် ဟိုဘက်ကစောင်းလိုက်၊ ဒီဘက်ကစောင်းလိုက်ဖြစ်နေတယ်" ဒေါ်တင်နွယ်ဦး

"အခွန်ဌာနကတာဝန်ရှိတဲ့သူတွေပြောတာကတော့ ကြိုတင်ဝင်ငွေအခွန်ကောက်ရတဲ့အကြောင်းရင်းက တချို့ ကုမ္ပဏီ တွေက ထောင်ပြီးတော့မှ အခွန်မဆောင်တော့ဘဲ ပိတ်ပြီး ထွက်ပြေးသွားတာမျိုးရှိတယ်ပေ့ါနော်။ အဲ့ဒီ့အတွက် အကာ အကွယ် ဖြစ်အောင် ကြိုတင်ဝင်ငွေခွန်ကောက်ရတာပေ့ါနော်။ ဒီဘက်က တရားဝင်မှန်မှန်ကန်ကန်လုပ်နေတဲ့သူတွေ အတွက်ကတော့ ကြိုတင် အခွန်ငွေကောက်တာက ပြဿနာရှိတာပေ့ါ။ အထူးသဖြင့် ကျွန်တော်တို့က ပို့ကုန်နဲ့သွင်းကုန် လုပ်တဲ့ နေရာမှာ ကြိုတင်ဝင်ငွေခွန်ဆိုပြီး ၂ ရာခိုင်နှုန်းကောက်တယ်ပေ့ါနော်။ ၅ ရာခိုင်နှုန်းဘဲမြတ်တဲ့ ပစ္စည်းတစ်ခုကို ၂ ရာခိုင်နှုန်း ကောက်လိုက်တော့ အမြတ်ခွန်၊ဝင်ငွေခွန် ၄၀ ရာခိုင်နှုန်းကောက်လိုက်တဲ့သဘောဘဲ။ တကယ်လို့သာ အမြတ် က ၂ ရာခိုင်နှုန်းသာရှိလို့ရှိရင် ၁၀၀ ရာခိုင်နှုန်းအပြည့်ကောက်လိုက်သလိုဖြစ်နေတယ်။ ပြီးတော့ မြန်မာပြည်မှာဘယ်လိုဖြစ် နေလဲဆိုတော့ လုပ်ငန်းလုပ်လို့ရှိရင် ရှုံးတယ်ဆိုတာကို လက်မခံဘူး။ အမြတ်ဘဲလက်ခံတယ်" ဒေါက်တာစိုးထွန်း

"အကျင့်ပျက်ခြစားမှုကိစ္စ ဒါတွေက ဥပဒေထဲမှာရှိပြီးသား။ ဒါလုပ်မယ်ဆိုရင် ဥပဒေထဲမှာ ဒဏ်ဘယ်လိုပေးမယ်၊ ပေးတဲ့သူ ကော ယူတဲ့သူကော အကုန်ပါပြီးသား။ ဒါပေမယ့် ပထမတချက်က ဥပဒေကို တော်တော်များများက မသိကြသေးဘူး။ အခွန်ပေးဆောင်တဲ့သူတွေကလဲ သူတို့သိဖို့ရာမှာ အတော်အားနည်းတယ်။ အခွန်ဥပဒေဖတ်ကြည့်လားဆိုရင် မဖတ်ကြ ဘူး။ ဒုတိယက အဲ့ဒါကို enforcement လုပ်နေတဲ့ အခွန်ထမ်းတွေ အရာရှိတွေကိုယ်တိုင်ကလည်း ကျွမ်းကျွမ်းကျင်ကျင် မသိကြဘူး" ဦးမိုးကျော်

"ကျွန်တော်တို့တိုင်းပြည်မှာအားနည်းတာကတော့ Data base system မရှိဘူး။ ပြီးတော့ အားနည်းချက်ကိုမမြင်ဘဲနဲ့ အားလုံးကို ဝါးလုံးရှည်နဲ့ရမ်းတယ်ပေ့ါနော်။ ရမ်းတဲ့အခါ တချို့ဆို ဒီကုန်သွယ်လုပ်ငန်းခွန်ကို ကြိုတင်ဆောင်ထားပြီး ပြီ။ဘီလီယံနဲ့ချီပြီး အစိုးရဆီက ပြန်ရဖို့တောင်ရှိတယ်။ အဲဒါကျတော့ ပြန်မပေးဘူး။ ပြန်မပေးတဲ့အပြင် ဘာပြောလဲ ဆိုတော့ နောင်ပေးရမယ့် အခွန်ကိုတောင် ခုနှိမ်ပြီးတော့ကောက်မယ်ပေ့ါနော်။ ဒါလက်ရှိ ကျွန်တော်တို့ဆီမှာ ကြုံတွေ့ နေရတဲ့အဖြစ်အပျက်ပါ။ အဲတော့ ဘယ်လိုဖြစ်နေလဲဆိုတော့ ကြံ့ရည်ညှစ်သလိုဘဲ။ ကောက်ထားပြီးတဲ့သူကိုဘဲ ဆက်ကောက်နေတယ်။ လွတ်တဲ့သူတွေကလဲ လွတ်နေတယ်" ဒေါက်တာစိုးထွန်း

"ကျွန်တော်တို့ဆီမှာ Withholding tax ဆိုတာက အခြားတိုင်းပြည်ကနေ အပ်ကုန်စနစ်နဲ့ ပစ္စည်းတစ်ခုကို သွင်းမယ်ဆိုရင် withholding tax ကို ၃ဒသမ၅ ရာခိုင်နှုန်းဆောင်ရမယ်ပေါ့။ အဲ့ဒါက ကျွန်တော်တို့မြန်မာပြည် ကိုကောက်တာမဟုတ်ဘူး။ နိုင်ငံခြားကကုမ္ပဏီကိုကောက်တာ။ ဒါပေမယ့်လက်ရှိအနေအထားက ဟိုဘက် ကုမ္ပဏီကိုတောင်းလို့မှ မရတာ။ အဲ့ဒါကို ကျွန်တော်တို့က ကိုယ့်ဘာသာစိုက်ပြီးဆောင်နေရတယ်" ဒေါက်တာစိုးထွန်း

"ကိုယ်တိုင်အခွန်ဆောင်တဲ့စနစ်ကိုလုပ်ဖို့ဆိုရင် အခွန်ကို ဘယ်လိုတွက်ရမယ်။ ဥပမာပြောရရင် အခွန်ဥပဒေမှာ ဘယ်စားရိတ်ကိုခွင့်မပြုလဲဆိုရင် လုပ်ငန်းနဲ့မမျှတတဲ့စားရိတ်ဆိုတာမျိုးပေါ့။ ပြီးတော့ လက်ရှိရှိနေတဲ့အခွန်ဥပဒေကလဲ မူဝါဒအရ သာပြောပြီးတော့ လက်တွေ့လုပ်တဲ့နေရာမှာ အသေးစိတ်ပေါ့နော် ဒါမျိုးသွားဖို့က ခက်ခဲနေတယ်" ဦးမိုးကျော်

"အခွန်ကောက်ခံတဲ့သူနဲ့လုပ်ငန်းလုပ်နေတဲ့သူတွေအကြားမှာ တယောက်နဲ့တယောက်ယုံကြည်မှုမရှိဘူးဖြစ်နေတယ်။ အစိုးရဝန်ထမ်းတွေကလဲ လုပ်ငန်းလုပ်နေတဲ့သူတွေကို သူတို့အနေနဲ့မြင်တာက အခွန်လိမ်မယ့်သူတွေ၊ ဝိသမလောဘ တွေပေ့ါနော်။ ဒီဘက်က အလုပ်လုပ်တဲ့သူတွေကလဲ ငါတို့အနေနဲ့ အခွန်ဆောင်တာ အစိုးဆီကနေ ဘာမျှပြန်မရဘူး ပေ့ါနော်။ ကျွန်တော်မြင်တာက ဒီအပိုင်းမှာ ယုံကြည်မှုတည်ဆောက်ဖို့တော့လိုတယ်။ နောက် ကျွန်တော်တို့ အသေးစား၊ အလတ်စား SME လုပ်ငန်းတွေကို ချေးငွေပေးမယ်ဆိုပါစို့။ ဒီအတွက် ပထမဆုံး လုပ်ငန်းလိုင်စင်ကို စတောင်းတာ။ ပြီးတော့ အခုဘာပါထပ်တောင်းလဲဆိုရင် အခွန်ဆောင်လားဆိုပြီး ထပ်တောင်းတာ။ ဒါနဲ့ဘဲ လုံးလည်ချာလည်လိုက် နေတာ" ဒေါက်တာစိုးထွန်း

ပရိသတ်- ကိုလင်းသက် ((ဘယ်သူကမျှ ကိုယ့်အိတ်ထဲကပိုက်ဆံကို အလကားမပေးချင်ကြပါဘူး။ အဲ့တော့ အစိုးရက ဘာလုပ်ရမလဲဆိုရင် ပြည်သူတွေကို အခွန်ထမ်းဆောင်ချင်တဲ့စိတ်ရှိအောင် မက်လုံးတွေပေးရပါမယ်။ ပြီးတော့ အခွန် ကောက်လို့ ကောက်မှန်းမသိအောင် သွယ်ဝိုက်ခွန်တွေကို ကောက်ဖို့ အစိုးရက ပါးနပ်ဖို့လိုပါတယ်))

ပရိသတ်-အောင်မြင့်သူ၊ မာန်အောင်လူငယ်ကွန်ယက် ((ကျွန်တော်မေးချင်တာက freelance တွေပေ့ါ စာသင်နေတဲ့ သူတွေ အခွန်က ဘယ်လိုပေးရသလဲပေ့ါနော်။ သူတို့ကကော အခွန်ပေးရလားဆိုတာ သိချင်ပါတယ်))

"အခွန်ကောက်ခံတဲ့အစိုးရကို မိဘလိုသဘောထားရင် ဘာလိုမလဲဆိုတော့ ဘာလို့အခွန်ကောက်တာလဲဆိုတာကို ပြည်သူတွေကို ပွင့်လင်းမြင်သာမှုရှိအောင် အရင်ဆုံးချပြဖို့လိုပါတယ်။ သူတို့ကိုလဲ နားလည်လာအောင် ပေးချင်လာ အောင်လုပ်ဖို့လိုပါတယ်။ အဲ့တော့ လက်ရှိရှိနေတဲ့အခွန်စနစ်ကို ပြန်သုံးသပ်ပြီးတော့ လိုအပ်ချက်တွေကို ပြန်ပြင်သင့်တယ်။ နောက်တချက်က အခွန်ပညာပေးရေးကိုလုပ်ရမယ်လို့ ဥပဒေထဲမှာပြထားပေမယ့် တော်တော်များများက မသိကြဘူး။ ပြီးတော့ ဘတ်ဂျက်သာ ရှိပြီးတော့ နှစ်ကုန်သွားလို့ရှိရင် တကယ်ဘယ်လောက်ကောက်ခံရတယ်၊ ဘယ်ကဏ္ဍတွေမှာ တကယ်ဘယ်လောက်သုံးလိုက်တယ်ဆိုတာမျိုးက မတွေ့မိလိုက်ဘူး" ဦးမိုးကျော်

"အခွန်ကောက်ခံတဲ့ ဝန်ထမ်းတွေက အရေးကြီးတာပေ့ါနော်။ အဲတော့ အခွန်နဲ့ပတ်သတ်လို့ ဝန်ထမ်းတွေက အတွေ့အကြုံ မရှိဘူး (ဥပမာ-လက်တွေ့တော့မရှိဘူး၊ စာတွေတော့ရှိတယ်ပေ့ါ)။ ဘာလို့လဲဆိုတော့ အခွန်ဥပဒေက အရမ်းရှုပ်ထွေး များပြားတာကြောင့် ဒါတွေကို သူတို့အနေနဲ့ သေသေချာချာကြေညက်ဖို့တော့လိုပါတယ်။ မဟုတ်ရင် လုပ်ငန်းက တွင်ကျယ်လာမှာမဟုတ်ဘူး" ဒေါ်တင်နွယ်ဦး

"တကယ်အခွန်အမှန်ဆောင်တဲ့သူတွေရှိတယ်။ ဒီလိုလူတွေအတွက် ဘာမျှ မလုပ်ပေးနိုင်ဘူးဆိုရင်တောင် လက်တွဲဆောင်ရွက်ဖို့တော့လိုတာပေ့ါနော်။ အခွန်ဆောင်တဲ့သူတွေအတွက်ကတော့ အရေးယူတဲ့ အပိုင်းက တစ်ပိုင်းပေ့ါ။

ပြီးတော့ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေရှိပါတယ်။ သူတို့နိုင်ငံတွေမှာ ဘယ်လိုကျင့်သုံးလဲ။ ဒါတွေကို ကျွန်တော်တို့က နမူနာယူသင့်တယ်လို့ထင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က နောက်မှလုပ်တာဖြစ်လို့ ရှေ့ကလုပ်ခဲ့တဲ့ပုံသဏ္ဍာန်တွေကိုကြည့်ပြီး ကျွန်တော်တို့နဲ့ကိုက်တဲ့ဟာမျိုးပေါ့။ ဒီလိုမျိုးလုပ်မယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်မှာ အောင်မြင်တဲ့ အခွန်စနစ်ဖြစ်လာမယ်လို့ ထင်ပါတယ်” ဒေါက်တာစိုးထွန်း